mgyoe.com

စိတ်ကူးချိုချိုအနုပညာ

# ရယ်ရမောရ ဗျလေခက

ရဲစကိုင်း



mgyoe.com

mgyoe.com




ISBN 9789997112767
YST9
9 789997 112767
800.00 KS

mgyoe.com

m gရယ်ရမောရ ဤလောက
ရဲစကိုင်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀ ၁၈၂'၀၂၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀ ၄၁၃ ၀၄၁၂
ထုတ်ဝေသူ - ဦးစန်းဦး
ပုံနှိပ်သူ - ဒေါ်ဝင်းမာ

မျက်နှာဖုံးဒီဇိုင်း - အယ်အက်စ်ဒို
ကွန်ပျူတာစလင် - အိန္ဒြေ
လက်ရွေးစလင် - ဒေဇက်
စာအုပ်ချုပ် - သစ္စာ

၈၉၅ · ၈၃
ရဲစကိုင်း
ရယ်ရမောရဤလောက/
ရဲစကိုင်း။ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၁၄၀ မျက်နှာ၊
၁၀ စင်တီ× ၁၆·၅ စင်တီ
(၁) ရယ်ရမောရဤလောက

၂၀၁၂ ဇူလိုင်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၈၀၀ ကျပ်

mgyoe.com

mgyoe.com

# အကြံကောင်း

ဖခင်။ ။ သားရေ့ အဖေ မင်းကို မိန်းမပေးစားမလို့ စိစဉ်နေတယ်ကွ။
သား။ ။ ကျုပ်က ကိုယ့်ကြိုက်တဲ့လူပဲ ကိုယ်ယူမှာဗျ။
ဖခင်။ ။ နေအုံး သားရ ။ ကောင်မလေးက ဘီလ်ဂိတ်သမီးကွ။
သား။ ။ ဩော် ဒီလိုလား၊ ဒါဆို အဖေ့စကား နားထောင်လိုက်ပါမယ်။

ထို့နောက် ဖခင်သည် ဘီလ်ဂိတ်ထံသို့သွားပြီး –
ဖခင်။ ။ ခင်ဗျား သမီးအတွက် အင်မတန်သင့်တော်တဲ့ ကောင်လေးတစ်ယောက်တွေ့ထားတယ်။
ဘီလ်ဂိတ်။ ။ ကျွန်တော့်သမီးလေးက ငယ်ပါသေးတယ်ဗျာ။

mgyoe.com

mgyoe.com


**ဖခင်**။ ။ နေဦးလေ၊ ဟိုကောင်လေးက ကမ္ဘာ့ဘဏ် လက်ထောက်ဥက္ကဋ္ဌဗျ။
**ဘီလ်ဂိတ်**။ ။ အာ.. ဒီလိုဆိုတော့လဲ လက်ခံရမှာပေါ့ဗျာ။


နောက်ဆုံးတွင် ဖခင်သည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌထံသို့ သွားသည်။

**ဖခင်**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား၊ လစ်လပ်နေတဲ့ လက်ထောက် ဥက္ကဋ္ဌရာထူးအတွက် အထူးသင့်တော်တဲ့ သူငယ်လေးတစ် ယောက် တွေ့ထားပါတယ်။
**ဥက္ကဋ္ဌ**။ ။ ကျွန်တော့်မှာ အဲဒီရာထူးအတွက် လိုအပ်တာ ထက်တောင် ပိုများနေပါတယ်။
**ဖခင်**။ ။ နေဦး .. ဒီသူငယ်လေးက ဘီလ်ဂိတ်ရဲ့ သားမက် ကလေးဗျ။
**ဥက္ကဋ္ဌ**။ ။ ဒီလိုလား၊ ဒါဆိုရပါတယ်၊ ခန့်ရမှာပေါ့လေ။

*

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



## မိန်းကလေးတို့ရဲ့ စိတ်နေသဘောထား

If you kiss her, you are not gentlemen

သင်ကသူ့ကိုနမ်းလိုက်ရင်... သင်ဟာ လူကြီးလူကောင်း မဆန်သူ

If you don't, you are not a man

မနမ်းတဲ့အခါ... သင်ဟာ ယောကျ်ားမဟုတ်

နမ်းလိုက်ပါ။ လူကြီးလူကောင်းမဆန်သူလို့ ပြောလာခဲ့ရင် နောက်ဘယ်တော့မှ မနမ်းတော့ပါဘူးလို့ပြောပြီး ကတိတည်လိုက်ပါ။ သူကစပြီး ပြန်နမ်းလာတာမျိုး ကြုံလာရင် သင်ဟာ မိန်းမဖြစ်ပြီး မိန်းမ မပီသအောင်နေသူလို့ ပြောကြည့်လိုက်ပါ။

If you praise her, she thinks you are lying

သင်ကသူ့ကိုချီးကျူးလိုက်ရင်... သင်လိမ်နေတယ်လို့

mgyoe.com

mgyoe.com


ထင်တယ်..

If you don't, you are good for nothing

မချီးကျူးဘဲနေပြန်တော့... သင်ဟာ အသုံးမကျတဲ့သူ... ချီးကျူးစရာ ကြုံရင် ချီးကျူးရမှာလားလို့ မေးလိုက်ပါ။

If you agree to all her likes, she is abusing

သူမကြိုက်တာတွေကို သင်အာလုံးသဘောတူရင်... သူမကောင်းပြောတော့မယ်

If you don't, you are not understanding

သဘောမတူဘဲ နေပြန်တော့... သင်ဟာ နားလည်မှုမရှိသူ....

ကြားချပြီး တစ်ဝက်ပဲ သဘောတူပါ။ ကျန်တာ မှန်မှန် မမှန်မှန် ဘု ဘူ ဘူး လုပ်လိုက်။

If you visit her too often, she thinks it is boring.

သူဆီကို သင်မကြာခဏအလည်သွားရင်... သူစိတ်ထဲမှာ ပျင်းစရာလို့ထင်တယ်...

If you don't, she accuses you of double crossing

မသွားပြန်ရင်တော့... အပြင်မှာ ခြေရှုပ်နေတယ်လို့ သင့်ကိုစွပ်စွဲလိမ့်မယ်...

mgyoe.com

mgyoe.com



တစ်ပတ်မှာ ဘယ်နှစ်ခါလာရမလဲ အရင်မေးကြည့်ပြီးမှ သွားပါ။

If you are well dressed, she says you are a playboy

သင်ကောင်းကောင်းမွန်မွန်ဝတ်စားထားရင်... သင်ဟာ စတိုင်များသူလို့ သူပြောမယ်

If you don't, you are a dull boy

မဝတ်စားပြန်တော့... သင်ဟာ ခပ်တုံးတုံးကောင်

ဒါမျိုးထင်ခဲ့ရင် ရှေ့တစ်ခြမ်းကို ကောင်းတာဝတ်ပြီး နောက်တစ်ခြမ်းကို စုတ်ပြတ်နေအောင် ဝတ်ပြလိုက်ပါ။ မှတ်ချက် ။ ။ ကမ္ဘာဦးစတိုင်တော့ မဝတ်မိပါစေနဲ့ ၊ အအေးမိပြီး ဖျားမှာစိုးရိမ်ရပါသည်။ ပြီးတော့ နောက်က ခွေးတစ်စီစီရန်ကိုလည်း ကြောက်ရပါသည်။

If you are jealous, she says it's bad

သင်က မနာလိုအူတိုဖြစ်ခဲ့ရင်... အဲဒါမကောင်းဘူးလို့ သူပြောမယ်...

If you don't, she thinks you don't love her .

အဲလိုမဖြစ်ပြန်တော့... သင် သူ့ကိုမချစ်တော့ဘူးလို့ ထင်မယ်

အူတိုတယ် မထင်ရအောင် အူတွေ ထုတ်ပြလိုက်ပါ။

mgyoe.com

mgyoe.com


ခြစ်ကြောင်း သက်သေပြတဲ့အနေနဲ့ သူမတစ်ကိုယ်လုံးကို အုန်းသီးခြစ်နဲ့ ခြစ်လိုက်ပေါ့။

If you attempt a romance, she says you didn't respect her

သင်ကချစ်လို့ တီတီတာတာလုပ်ရင်... သင်က သူ့ကို မလေးမစားလုပ်ပါတယ်လို့ ပြောမယ်..

If you don't, she thinks you don't like her

မလုပ်ပြန်တော့... သင်က သူ့ကိုမကြိုက်ဘူးလို့ ထင်မယ်...

တီတီတာတာ မလုပ်နဲ့ ။ ကားကြီးတွေမှာပါတဲ့ အဲယားဟွန်းကို နှိပ် ။ ဗွမ် ဗွမ် တော် တော် ဗွမ် ။

If you kiss her once in a while, she professes you are cold

သင်ကသူ့ကိုတော်တော်ကြာကြာနေမှ တစ်ခါလောက် နမ်းရင်... သင်ဟာ သူနဲ့ပက်သက်ရင် သွေးအေးလွန်းတယ် ပြောမယ်..

If you kiss her too many, she yells that you are taking advantage

ခဏခဏနမ်းပြန်တော့... သင်ဟာ အခွင့်အရေးယူနေတယ်လို့ သူမအော်တတ်နေမယ်... ခဏခဏ လေကိုပဲ နမ်း

mgyoe.com

mgyoe.com



ဟန်ပြပါ။ နှာစီးနေတယ်ထင်ပြီး ဆေးတိုက်ပါလိမ့်မယ်။

If you fail to help her in crossing the street, you lack ethics.

သူလမ်းကူးတဲ့အခါမှ သင်ကကူညီပေးဖို့ ပေါ့လျော့ခဲ့ရင်... သင်ဟာ ယဉ်ကျေးမှုမရှိသူ...

If you don't, she thinks it's just one of the man's tactics

အဲလိုကူညီပြန်တော့.. ဒါဟာယောကျ်ားမာယာတစ်မျိုးလို့ သူမထင်မယ်...

အဲလိုထင်ခဲ့ရင် မကူညီရင်လည်း ထင်ဦးမယ် ။ ကူညီပြန်ရင်လည်း ယောကျ်ားမာယာတဲ့ ။ ယောကျ်ားမာယာမသုံးပါဘူး။ ဒို့ကတော့ ပေါ်တင်ပဲ ။ ဒီတော့ သူမ လမ်းကူးတဲ့အခါ ဟိုဘက်ပလက်ဖောင်း မြန်မြန်ရောက်အောင် သိပ်ပြီးတော့လည်း သူမအနီး ကပ်ချင်တယ်လို့ မထင်အောင်ခပ်ခွာခွာလေးကနေပြီး ဆောင့်တွန်းလိုက်ပါ။ အဓိကကအထင်မခံရဖို့ပဲ မဟုတ်လား။

မှတ်ချက် ( ဟိုဘက်ပလက်ဖောင်းကိုတော့ အပြေးလိုက်သွားနော်၊ ပလက်ဖောင်းဘေးက မြောင်းဖုံးပေါက်နေလို့ မြောင်းထဲကို ခေါင်းစိုက်ပြီး ဟိုဟာရှာသလို ဒီဟာရှာသလိုနဲ့

mgyoe.com

mgyoe.com



ကုန်းကုန်းကွကွကြီး ယက်ကန်ယက်ကန် ဖြစ်နေမယ့် သူမကို ခြေသလုံးကကိုင်ပြီး ဆွဲထုတ်ဖို့ )

If you stare at other, she accuses you of flirting

သင်က တခြားသူကိုငေးမိရင်... သင့်ကိုဖွန်ကြောင်တယ်လို့ စွပ်စွဲမယ်

If she is stared by others, she says that they are just admiring

သူမကို တခြားသူကငေးမိရင်တော့... လေးစားလို့ကြည့်တာပါလို့ ပြောမယ်...

လေးစားတာဟုတ်လောက်ဘူး ။ လေးပြုတ်ပြီး စားချင်လို့ ကြည့်တာ။ ဒါကိုတော့ သူမသိဘူး။ သူမစိတ်ထဲမှာ ကြည်နူးပျော်ရွှင် ဝမ်းသာစွာနဲ့ တယ်လှတဲ့ ငါပါလားဆိုပြီး မာနကလေးက တက်လိမ့်ဦးမယ် ( ဒူးနဲ့ မျက်ရည် မသုတ်ရသေးခင်ပေါ့ )။

If she talks, she wants you to listen

သူမစကားပြောတဲ့အခါ ... သင့်ကိုနားထောင်စေချင်တယ်...

If you listen, she wants you to talk

သင်နားထောင်တဲ့အခါ... သင်ကို စကားပြောစေချင်

mgyoe.com

mgyoe.com



ပြန်ရော...

သူမကြိုက်သလောက်ပြောနိုင်ဖို့ ၂၀ လီတာ ရေဘူးကြီး ချပေးလိုက်။ အကြာကြီးပြောပါစေ။ ကိုယ်နားပူရင် သူမ မသိအောင် ဝွမ်းဆို့ပြီး အင်း အင်း ပြောပြီး ရီကောဒင်း လုပ်ထား( မကောင်းကြောင်းပြောရင် ကိုယ်သိအောင်လို့ )။ ကိုယ့်ကို ပြောစေချင်ပြန်ရင် ကိုယ် အာသီးယောင်နေတယ် နှာစေး ချောင်းဆိုးဖြစ်နေတယ်ပေါ့ဗျာ။ ပါးစပ်ထဲလည်း ဖြဲမကြည့်လောက်ပါဘူး။ မယုံလို့ မျက်နှာနားကပ်လာပြီး ဖြဲကြည့်ရင် ဟတ်ချိုးပစ်လိုက်။ပိုင်တယ်နော်၊ ဟင်းဟင်း။

In Short: အတိုချုပ်ရင်

So simple, yet so complex

ရိုးရှင်းသလောက် ရှုပ်ထွေးသူ

So weak, yet so powerful

အားနည်းသလောက် စွမ်းအားရှိသူ

So confusing, yet so desirable ....women!

စိတ်ရှုပ်စရာကောင်းသလောက် သဘောကျစရာ ကောင်းသူ... မိန်းမ !!!!

အဲဒါပြောတာပေါ့ ။ ဣတ္ထိယ မိန်းမတို့သည် မရှိလည်း ကောင်း ရှိလည်းကောင်းတဲ့ ။

*

mgyoe.com

mgyoe.com



## လူငယ်များရည်းစားမရှိခြင်း၏ကောင်းကျိုး (၁၁) ချက်

(၁) Online ဖိုး ပိုက်ဆံအကုန်အကျသက်သာခြင်း
(၂) အပို့အကြိုကိစ္စ ဖြစ်သော ဖယ်ရီ မရှိခြင်း
(၃) အချော့ရသက်သာခြင်း၊ စိတ်ပင်ပန်းဆင်းရဲမှုမှ ကင်းဝေးစေခြင်း
(၄) မုန့်ဖိုးအား လောက်ငှစွာ သုံးစွဲလို့ရခြင်း
(၅) အချိန်မရွေးနေရာမရွေး လွတ်လပ်စွာနေထိုင်နိုင်ခြင်း
(၆) အစားမှန် အအိပ်မှန် အထမှန်ခြင်းနှင့် ကျန်းမာရေး ကောင်းနေခြင်း
(၇) အိမ်မှ ဖုန်းဘေ ငွေနှုန်းများ သက်သာလာခြင်း
(၈) ပါးစပ်နံစေသော ဆေးလိပ်၊ ကွမ်းယာ၊ သေရည်၊ ဒညင်းသီးများအား အချိန်မရွေး စားသုံးလို့ရခြင်း
(၉) ရည်းစားမရှိ၍ သူငယ်ချင်းအား ရင်မဖွင့်ရသဖြင့်

mgyoe.com

mgyoe.com



သူငယ်ချင်းဖြစ်သူက နားငြီးသက်သာသောကြောင့် သင့်အား အလိုက်သင့် ဆက်ဆံခြင်း

(၁၀) ရည်းစားမရှိပါက ဘီယာတိုက်တဲ့ပိုက်ဆံ သက်သာစေခြင်း

(၁၁) ရည်းစား၏ နားပူနားဆာလုပ်ခြင်း၊ အမိန့်များ ကင်းဝေးခြင်းတို့ဖြစ်ပါသည်။

*

mgyoe.com

mgyoe.com



## လူငယ်များ၏ ရည်းစားရှိခြင်းကောင်းကျိုး (၁၁) ချက်

(၁) လူအများကြားၥ ကြွားကြွားဝါဝါ နေနိုင်ခြင်း
(၂) ကိုယ်မရှိရင် သူပေး၊ သူမရှိရင် ကိုယ်ပေး စနစ်ဖြင့် နေနိုင်ခြင်း
(၃) ငှက်ပျောတုန်းဖက်သေစရာ မလိုခြင်း
(၄) ဟုတ်ဟုတ် မဟုတ်ဟုတ် လူရှိန်နေခြင်း
(၅) ကိုကို ၊ မောင် ၊ ချစ် ၊ မ ၊ မေ လို့ ယုယစွာ စကားလုံးများကို အကန့်အသတ်မရှိ ပိုင်ဆိုင်စေခြင်း
(၆) Web site ပေါ်တွင် ကဗျာများသစ်လွင်နေခြင်းနှင့် လန်းဆန်းတက်ကြွနေခြင်း
(၇) လက်သည်းခြေသည်း ရှည်ခြင်းမှကင်းဝေးစေခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု ရှိခြင်း
(၈) ရည်းစားမရှိသူအား နှိမ်၍ မင်းမှာရော ရည်းစားရှိလို့

mgyoe.com

mgyoe.com



လားလို့ မေးလို့ရခြင်း

(၉) ဆောင်းတွင်းဖြစ်သည့်တိုင်အောင် အနွေးထည်ဝယ်ရသည့် ပိုက်ဆံ သက်သာစေခြင်း

(၁၀) ပိုက်ဆံချေးလို့ရခြင်းနှင့်

(၁၁) နောက်ဆုံးရုံတင် ရုပ်ရှင်ကားများ အဆက်မပြတ်ကြည့်ရခြင်းတို့ပဲ ဖြစ်ပါသည်။

*

mgyoe.com

mgyoe.com



# မှန်သလားလို့ပါ

သားငယ်သည် အမေဖြစ်သူအား ရှေ့ကကြည့်လိုက် နောက်ကကြည့်လိုက် ဘေးတိုက်ကြည့်လိုက်နှင့် အပြန်ပြန် အလှန်လှန်ကြည့်သည်။ ကြာသော် အမေဖြစ်သူ စိတ်မရှည် တော့သည်နှင့် ဒေါသသံဖြင့် ပြောသည်။

– ဟဲ့ ကောင်လေး ဘာဖြစ်လို့ ငါ့ကို ဒီလောက် ကြည့် နေတာလဲ။

– ဖေဖေ ပြောတာမှန် မမှန်သိချင်လို့ပါ မေမေ။ ဖေဖေ က အိမ်က အစေခံ မကျော့ကိုပြောတယ်၊ ငါတို့ နှစ်ယောက် နေတာထိုင်တာ သတိထားရမယ်၊ ငါ့မိန်းမရဲ့နောက်စေ့မှာလည်း မျက်စိပါတယ်တဲ့ –

*

mgyoe.com

mgyoe.com



# မြို့မကျဘူး

စစ်ဆေးရေးအဖွဲ့ ဆေးရုံသို့ရောက်ရှိလာပြီး လူနာတစ်ယောက်ကိုမေးသည်။

– ဘာရောဂါနဲ့တက်ရောက်ကုသနေတာလဲ ခင်ဗျာ–

– လိပ်ခေါင်းရောဂါပါ –

– အခု မိတ်ဆွေကို ဘယ်လို ကုသနေပါသလဲ –

– စအိုထဲကို ပိုက်သွင်းပြီး ဆေးတွေ လောင်းချပါတယ်–

– မကျေနပ်တာ ရှိလား –

– မရှိပါဘူး၊ အားလုံးကောင်းပါတယ် –

ဘေးကုတင်က လူနာကို စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးက မေးပြန်သည်။

– မိတ်ဆွေကကရော ဘာရောဂါနဲ့ ဆေးရုံတက်

mgyoe.com

mgyoe.com


ကုသနေတာလဲ –

– လည်ချောင်းနာတဲ့ရောဂါပါ –

– အခု မိတ်ဆွေကို ဘယ်လို ကုသနေပါသလဲ –

– အာခေါင်ထဲကို ပိုက်သွင်းပြီးဆေးတွေ လောင်းချပါတယ် –

– မကျေနပ်တာ ရှိလား –

– တစ်ခုပဲ မေတ္တာရပ်ခံချင်ပါတယ်။ ပိုက်သွင်းကုတဲ့ ဥစ္စာ ကျွန်တော့်ဆီက စစေချင်ပါတယ် –

*

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



# ကိုက်မထားနဲ့လေ

သွားကုခန်းတွင် ဖြစ်သည်။ အမေဖြစ်သူက သားငယ်ကိုပြောသည်။

– သားက လိမ္မာပါတယ်နော်၊ ပါးစပ်ကို ဟလိုက်ပါကွယ်။ အန်ကယ်ဒေါက်တာကို သူ့လက်ညှိုး ဆွဲထုတ်ခွင့် ပြုလိုက်ပါကွယ် –

*

mgyoe.com

mgyoe.com



# မလိုတော့ဘူး

အမျိုးသားနှင့် အမျိုးသမီးတို့ အသိမိတ်ဆွေ ဖြစ်ပြီး ညတစ်ညလုံး အတူတူ အချိန်ဖြုန်းလိုက်ကြသည်။ နောက်တစ်နေ့မနက်တွင် အမျိုးသမီးက မေးသည်။

– ရှင့်မှာ AIDS ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ရှိလား –

– ရှိတယ် ဘာဖြစ်လို့မေးတာလဲ –

– ဩော်... လွှင့်ပစ်ချင်ရင် လွှင့်ပစ်လို့ရတယ်လို့ ပြောမလို့ပါ –

*

mgyoe.com

mgyoe.com



# ရဲဆေး

လူနာသည် ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံးတုန်နေသည်။ ဆရာဝန်က လူနာကို အရက်အနည်းငယ် တိုက်လိုက်သည်။ ထို့နောက် ဆရာဝန်ကမေးသည်။

– ဘယ့်နှယ့်လဲ၊ ရဲစိတ်ရဲမာန်တွေ ဝင်လာပြီမဟုတ်လားဗျ –

– ဟုတ်တယ် အခု ကျုပ်သွားကို လာထိရဲတဲ့ ကောင် ထိကြည့်စမ်း၊ အကြောင်းသိသွားစေရမယ်... ဟင်း–

*

mgyoe.com

mgyoe.com



# ထပ်ယူမယ်

အမေဖြစ်သူကမေးသည်။

– ကိတ်မုန့်ကို ဘယ်သူစားလိုက်သလဲ –

သမီးငယ်က ကြောက်လန့်တကြားဖြေသည်။

– မသိဘူး မေမေ –

– ထပ်စားချင်သေးလား –

– ဟုတ်ကဲ့ –

*

mgyoe.com

mgyoe.com



# သတင်းကောင်း

လူရွှင်တော်မင်းသားတစ်ဦးသည် အချိန်အတန်ကြာ ရုပ်ရှင်ကားရိုက်ရန် မည်သည့်ကုမ္ပဏီမှ မဖိတ်ခေါ်သဖြင့် စိတ်ဓာတ်ကျလျက်ရှိသည်။ တစ်နေ့ အိမ်သို့ ပြုံးပြုံးရွှင်ရွှင် နှင့်ရောက်ရှိလာပြီး ကုမ္ပဏီတစ်ခုနှင့် ကားရိုက်ရန် စာချုပ်ချုပ်လိုက်ပြီဖြစ်ကြောင်း၊ မနက်ဖြန်တွင် နယ်ထွက်ရိုက်ရမည်ဖြစ်ကြောင်း ဇနီးဖြစ်သူအား ပြောသည်။

– သူတို့ စိတ်ပြောင်းခဲ့ရင် ဒီနေ့ ည ၁၂–နာရီ မတိုင်မီ ကြေးနန်းနဲ့ အကြောင်းကြားမယ်ကွ –

ည ၁၂–နာရီ မတိုင်မီ ၅ မိနစ် အလိုတွင် ကြေးနန်းရုံးမှ ကြေးနန်းစာလာပို့သည်။ မင်းသားသည် မျက်နှာအပျက်ကြီး ပျက်ကာ ကြေးနန်းစာကို ဖွင့်မဖတ်ဝံ့အောင် ဖြစ်နေသည်။ မိန်းမက တိုက်တွန်းသည်။

mgyoe.com

mgyoe.com



– ဖတ်မှာသာဖတ်စမ်းပါ၊ ရှေ့မှာ ဘာဖြစ်မယ်ဆိုတာ
ဘယ်သူပြောနိုင်တာမှတ်လို့ –

လက်နှစ်ဖက် တုန်တုန်ယင်ယင်ဖြင့် ကြေးနန်းစာကို မင်းသားဖွင့်သည်။ တဖြည်းဖြည်းနှင့် သူ၏ မျက်နှာရွှေလမင်းလို ဝင်းလက်လာသည်။ထို့နောက် ကုလားထိုင်မှ ထခုန်ကာ ဝမ်းသာအားရပြောသည်။

– ဟေး ဟေး ဟေး၊ ဟန်ကျလိုက်တာ၊ စာချုပ်ကို
သူတို့မဖျက်ဘူးဟေ့၊ အခုကြေးနန်းက မင်းအမေ
သေကြောင်း အကြောင်းကြားတဲ့ ကြေးနန်းကွ ရော့
ဖတ်ကြည့် –

*

mgyoe.com

mgyoe.com



# ရောက်ရင်တွေ့မယ်

အရက်သမားတစ်ယောက် အငှားကားကို တက်စီးသည်။ ကားဆရာကို အာလေးလျှာလေးနဲ့ပြောသည်။

– ကား––ဆရာ၊ ကျုပ်ကို––––တောင်ဥက္ကလာပ ၈–ရပ်ကွက်ကို––––––––လိုက်ပို့စမ်းပါဗျာ –

– အိမ်နံပါတ် ဘယ်လောက်လဲ –

– ဟိုရောက်တော့–––မင်းဟာမင်း–––တွေ့–––ပါလိမ့်မယ်ကွ –

*

mgyoe.com

mgyoe.com



## ယောကျ်ားတို့စေတနာ

သားငါးနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ အပြည့်ပါသည့် ဈေးခြင်းကို အနိုင်နိုင်ဆွဲကာပြန်ရောက်လာသည့် ဇနီးသည်ကိုကြည့်ကာ ယောကျ်ားဖြစ်သူကပြောသည်။

– မင်း အသက်အရွယ်နဲ့ ဒီလိုအလေးအပင် ဆွဲနေတာကို ငါမကြည့်နိုင်ဘူးမိန်းမရေ၊ ဒီနေ့က စပြီးရပ်လိုက်ဖို့ လိုပြီ –

– ရှင်က ဘယ်လို အကြံပေးချင်လို့လဲ –

– ဈေးကို နှစ်ခေါက်သွား –

*

mgyoe.com

mgyoe.com



# မော်ဒန်ရည်းစားစာ (၁)

၁ ယောက်သောသူအတွက်
၂ လုံးတည်းသောစကား ပြောကြားချင်တယ်၊
၃ နေကျစကားမဟုတ်လို့
၄ လေးနက်နက်နားထောင်ဖို့လိုမယ်။
၅ တစ်ကောင် ကုန်းပေါ်ရောက်နေတဲ့အလား မင်း
မရှိရင်
၆ ကပ်အထိးကျန်မှုတွေ ခံစားနေရလို့
၇ သံချိုဟစ်ပြီး ဖွင့်ပြောမယ်
၈ တယ် ၊ ချစ်တယ်၊ အချစ်ရယ်။
၉ ကွယ်ရာမဲ့ ရေတိမ်နစ်နေတဲ့ နှလုံးသား
၁၀ ယူဖေးမလို့ ကြင်နာသနားပါ။
၁၁ ကြိုးကဝေအတတ်နဲ့ ပြုစားခံရလို့

mgyoe.com

mgyoe.com




၁၂ ရာသီအလွမ်းဖျားတွေနဲ့ ငါ့အသည်းနှလုံး မင်းမရှိ
ရင်
၁၃ လို့ မရတော့အောင်ကွဲကြေနိုင်တဲ့ အရေး ကာကွယ်
ပေးဖို့
၁၄ ရက်(ချစ်သူများနေ့)အမီ တုံ့ပြန်မေတ္တာပေးလှည့်
ပါနော်။

*


mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



# မော်ဒန်ရည်းစားစာ (၂)

အချစ်နဲ့ ပက်သက်လာရင် ကိုယ်ရဲ့ခွန်အားတွေ ဆိုတာ ဟာ . . . .

(A) ရာဝတီတိုင်းမှာ မွေးနှောက်တိုက်ခတ်သွားတဲ့ နာဂစ် ဆိုင်ကလုန်းလေမုန်တိုင်းလို ကြီးမားပါရဲ့ မေရယ်.....။မေ့ရဲ့ ပတ်ဝန်းကျင်မှာ...(B) လူး၊ ဂူဏ္ဍာန် ဝန်းရံစောင့်ကြပ်နေဦး တော့၊ ကိုယ် ဘာလို့မှုနေရမှာလဲ ..ဟင်း ..ဟင်း .. ဝီစကီ ထဲ (C) ပလပ်ရောစပ်ပြီး ဆတ်ခနဲမော့ချလိုက်ရင်း ရန်စွယ် တွေမှန်သမျှ အန္တရာယ်တွေဟူသမျှကို ဟော(D) ကောင် ဖြေရှင်းသုတ်သင်ပြပါမယ် မေ။ တကယ်တော့ ကိုယ်ဟာ မေနဲ့ပက်သက်လာခဲ့ရင် အင်မတန်မှ စွဲလမ်းစိတ်ကြီးမားတဲ့ သူပါမေရယ်၊ဘယ်လောက်တောင်မေ့အပေါ် စွဲလမ်းသလဲ ဆိုတော့ မေအမှတ်မထင် လွှတ်ထုတ်လိုက်တဲ့ (E) သံ

mgyoe.com

mgyoe.com



ကလေးကိုတောင် အာရုံထဲမှာ စွဲငြိနေပါသေးတယ်၊ ဘာပဲ ဖြစ်ဖြစ် ကိုယ့်အဖို့တော့ ကြင်နာသူက လမ်းခွဲသွားရင် ကိုယ့် အသည်းတစ်ခုလုံး (F) ကွဲကြေမွသွားမှာ သေချာပါတယ်မေ၊ မေရယ် ကိုယ်မေတ္တာကို တုံ့ပြန်ပေးပါ။ ကိုယ့်ကို ချစ်ခွင့်ပေး ပါ၊ ကိုယ်မြတ်နိုးတဲ့ ပန်းကလေးရဲ့ ရနံ့ကို ပိုင်ပိုင်နိုင်နိုင် ရှိုက်နမ်းမွှေးကြူခွင့်ပြုပါ။ သည်လိုတောင်းဆိုလိုက်တာ တွေနဲ့ပက်သက်လို့ ကိုယ်ဟာ အင်မတန်မှ (G) ကျတဲ့ သူရယ်လို့လည်းထင်မှတ် မသွားပါနဲ့ဦး။ မေရယ် ... ကိုယ် တောင်းခံထားတဲ့အချစ်နဲ့ပက်သက်ပြီး (H) ချင်ယောင်လည်း ဆောင်မနေပါနဲ့တော့၊ ကိုယ်ဟာ တစ်သည်းမှာတစ်သက်၊ တစ်သက်မှာတစ်သည်း၊ မျက်နှာလည်း မများတတ်သလို (I) တွေတိုင်းလည်း ခြေဆေးတတ်သူ မဟုတ်ဘူးဆိုတာ ယုံထားလိုက်စမ်းပါ၊ ကိုယ်အခု (J) ရုဆလင်နိုင်ငံနဲ့ ပတ် သက်တဲ့ သတင်းတစ်ပုဒ် ဖတ်နေတယ်မေ၊ ပြည်တွင်းစစ်မှာ အချင်းချင်းတိုက်ကြခိုက်ကြနဲ့ အငြိုးအတေးကလည်း ကြီး ပါ့၊ နဖူးကအမာရွတ်မြင်လေတိုင်း မင်းမပော်ကို အခဲမကျေ ဖြစ်နေတဲ့ (K) ဝဠ် ပုဏ္ဏားတောင် လက်မြှောက်အရှုံးပေး လောက်ပါရဲ့၊ မေနဲ့ကိုယ်တို့ ကြားမှာတော့ လက်ကလေး တွေ တွက်ချိုးရေဖို့ရာ အမျက်ကလေးတွေ သက်ဆိုးမရှည်ခဲ့ ပါဘူးနော်၊ ကိုယ်သူငယ်ချင်းတွေက ကိုယ့်ကိုမေးကြတယ်၊

mgyoe.com

mgyoe.com



ကိုယ်ဟာ မေ့ရဲ့ (L)စတုံအိုးကြီးကို သဘောကျလို့ ချစ်သွားတာလားတဲ့၊ ရယ်ပဲရယ်စရာ ကောင်းသေးတော့၊ ကိုယ်က မေ့ရင်ထဲက ဖြူစင်တဲ့နှလုံးသားလေးကိုသာ ချစ်တဲ့ အကြောင်းဖွင့် (M) ပြောပြလိုက်မှ ငြိမ်သွားကြတယ်၊ ဒါတောင်မှ အထွန့်တက်လာကြသေးတယ်။ မေရယ် .......။ (N)ဏ္ဏဝါလှိုင်းရေပြင်ထက်မှာတော့ ငှက်မောင်နှံက တူယှဉ်တွဲ ပျံသန်းလို့ပေါ့။ ကိုယ်ဟာ မေ့အပေါ်(O) မင်းရင့်ရော်တဲ့ အထိ မပြယ်သောမေတ္တာများနဲ့ ချစ်သွားမယ့်သူပါ၊ သည်လိုမျိုး မေ့အပေါ်ထားတဲ့သစ္စာမ (P)ပြင်ခဲ့ဘူးဆိုရင် အဏ္ဏဝါမြစ်ရေအလျဉ်ကို အန်တုတားဆီးနေတဲ့ (Q) ပင်တွေကို နုတ်ပြီး ကိုယ့်ရင်ဝကို ဆောင့်ထိုးလိုက်ပါတော့။ ကိုယ်ဟာ ဖြီးဖြန်းအပိုကဲလို့ မညာတတ်သလို ကျီးကန်းလိုလည်း မ(R)တတ်ပါဘူး၊ ကိုယ်အချစ်က ငရဲမီး (S) ဆစ် အစားခံရတဲ့ ဇမ္ဗူရာဇ်ရွှေစင်နှလုံးသားပါ မေရယ်၊ စကားတွေကို (T) တီတာတာ မဖွဲ့နွဲ့တတ်ပါဘူး၊ မေတ္တာတွေပေးခဲ့ပြီးသူမို့ မေတ္တာကိုတော့ ပြန် (U)ချင်ပါတယ်မေ။ ကိုယ်အခု ချောင်းသာကမ်းခြေကို အလကားခေါ်မယ့်သူရှိလို့ ရောက်နေတယ်မေ။

သည်စာကို ပင်လယ်က (V) ပင်တစ်ပင်အောက်မှာ ရေးနေတာ။ သည်အချိန်မှာပဲ ဘယ်ကကန်ထည့်လိုက်မှန်း

mgyoe.com

mgyoe.com



မသိတဲ့ (W) ဘောလုံးတစ်လုံးက ကျောကုန်းကို လာမှန်တယ်၊ အမယ်လေးလေး၊ အောင့်လိုက်တာ၊ နာလိုက်တာ၊ အဆုတ်တွေ ဘာဖြစ်သွားလဲမသိဘူး၊ ရန်ကုန်ပြန်ရောက်တော့မှပဲ (X) ရေး ဓာတ်မှန်ရိုက်ကြည့်ရတော့မှာပဲ။ စာလည်းရှည်သွားခဲ့ပြီ ....... မေ။ သည်းခံပြီး ဖတ်တာ ကျေးဇူးကမ္ဘာပါ။

အဲ ....... တစ်ခုတော့ ရှိတယ်။

ကိုယ်အပေါ် မေ့ဆီက မေတ္တာတုံ့ပြန်မလာဘူး ဆိုရင်တော့ ကိုယ်ဟာ အင်ဂျင် (Y) နဲ့ ပိုးသတ်ဆေးသောက်ရင်း (Z) ကျိုးလို့ နိဂုံးချုပ်သွားပါလိမ့်မယ်မေ ။

*

mgyoe.com

m.gyoe.com


# သိပ်ကောင်းသောအရာ

ရထားပေါ်တွင်ဖြစ်သည်။ ကက်သလစ်ဘုန်းကြီးနှင့် ဂျူးဘာသာရေးတရားဟောဆရာတို့ တစ်ခန်းထဲထိုင်လာကြသည်။ ကသလစ်ဘုန်းကြီးက ဂျူးဘာသာရေးတရားဟောဆရာကို ပြောသည်။

– ကျနော့်မှာ ဝက်ပေါင်ခြောက် ပါတယ်၊ စားပါဦးလား –

– ကျနော်တို့ ဘာသာရေးက ဝက်သားမစားရလို့ တားမြစ်ထားပါတယ် –

– အင်း၊ ဝမ်းနည်းစရာပဲ၊ သိပ်အရသာရှိတာဗျ –

ဘူတာသို့ရောက်သောအခါ ဂျူးဘာသာရေး တရားဟောဆရာက မဆင်းခင်ကက်သလစ်ဘုန်းကြီးကို ပြောသည်။

mgyoe.com

mgyoe.com


– ဖာသာရဲ့ ဓနိးကို ဦးညွှတ်တယ်လို့ ပြောပေးပါ –
– ကျနော့်မှာ ဓနိးမရှိဘူး၊ ကျနော်တို့ဘာသာရေးက ကျနော်တို့ကို မိန်းမမယူရဘူးလို့ တားမြစ်တယ် –
– ဟုတ်လား၊ ဝမ်းနည်းစရာပဲဗျာ၊ ကျေနပ်စရာ သိပ်ကောင်းတာဗျ –

*

mgyoe.com

.mgyoe.com



# ဥပမာအလင်္ကာ

အိမ်ထောင်သက် (၁)လလောက်ရှိပြီဖြစ်သော သူမတို့ သူငယ်ချင်းကိုမိန်းကလေးများ ဝိုင်းမေးကြသည်။

– ဟဲ့ နင့်ယောက်ျားအကြောင်း ပြောပြစမ်းပါ –

မိန်းကလေးကဖြေသည်။

– ငါ့ယောက်ျားက နေလို ယောက်ျားဟ –

သူငယ်ချင်းများက ဝိုင်းပြောသည်။

– တယ်ကောင်းတဲ့ ဥပမာပါလား။ နင့်ယောက်ျားက နေမင်းကြီးလို ကြီးကျယ်မြင့်မြတ်တယ်လို့ ပြောချင်တာပေါ့ –

မိန်းကလေးက ရှင်းပြသည်။

– ဟုတ်ပါဘူးဟာ။ နေဆိုတာ မနက်ဘက်ပဲရှိပြီး ညဘက်ဆိုရင်ပျောက်သွားတယ်မဟုတ်လား –

*

mgyoe.com

mgyoe.com


# ကြိုက်ရခြင်းအကြောင်းရင်း

အလုပ်များနေသော ခင်ပွန်းသည်အား အလိုက်မသိသော ဇနီးကစကားတွေ တတွတ်တွတ်ပြောနေသည်။ ခင်ပွန်းဖြစ်သူက သူမစကားတွင် စိတ်မပါမှန်းလည်း မရိပ်မိချေ။

– မောင် ခင့်ကိုဘာလို့လက်ထပ်ခဲ့တာလဲ ဟင် ခင့်ရဲ့ မျက်နှာလေး လှလွန်းလို့လားဒါမှမဟုတ် ခင့်ကိုယ်လုံးကိုယ်ပေါက်လေးကို သဘောကျလို့လား။ အင်း မဟုတ်ဘူးဆိုရင် ခင်ရဲ့ စိတ်ထားလေး ဖြူတာကို မြတ်နိုးလို့လား။ အဲဒါမှမဟုတ် . . .

စိတ်မရှည်တော့သော ခင်ပွန်းက သူမဘက်လှည့်ပြီး တစ်ခွန်းတည်း ပြန်ဖြေသည်။

– မင်း ခုလို ဟာသပြောတတ်တာကို ကြိုက်လွန်းလို့ပေါ့ –

*

mgyoe.com

mgyoe.com


# နားမလည်နိုင်သောလုပ်ရပ်

မိသားစု (၃) ယောက် ညစာတူတူ စားနေကြသည်။ သားငယ်က အဖေအား လှမ်းမေးသည်။

– ဖေဖေ မေမေ့ကို ဘာလို့ လက်ထပ်ခဲ့တာလဲဟင်–

ယောက်ျားလုပ်သူက မိန်းမအားလှည့်ပြောသည်။

– တွေ့လား ၊ ငါ့လုပ်ရပ်ကို ကလေးတောင် နားမလည်ဘူး –

*

mgyoe.com